တံခွန်တိုင်
စာပေတိုက်

# သွင်းထားဓား

(ဆေးတက္ကသိုလ်)

ချိုမြိန်သောလက်စားချေခြင်း

GRAPHIC DESIGN
THEIN SHWE KYI

# ချိုမြိန်သော လက်စားချေခြင်း

"အဖိုးအနဂ္ဃထိုက်တန်မှန်း ကိုယ့်ကို အရှုံးအမူး

ထိုးပေးနေခဲ့စဥ်က တန်ဖိုးမသိခဲ့မိဘူး။

သိခွင့်ရလိုက်တဲ့အချိန်ဟာ ဆုံးရှုံး လိုက်ပြီးသား

အချိန် ဖြစ်နေတယ် ..... မရနိုင်တော့မှန်း သိလေ

ပိုမက်မောလိုချင်လာခဲ့လေ။

ပိုလိုချင်လေ၊ ပိုဆုံးရှုံး ဖို့ ဖြစ်လေနဲ့ .. အဲဒီ စက်ဝိုင်းထဲမှာ

ကိုယ် ဘယ်လောက် ချာချာလည်ခဲ့ရတယ်

မှတ်သလဲကွယ် ....."

*

အခန်း...၁

လေယာဥ်ထိုင်ခုံပေါ်မှာ သက်သော င့်သက်သာ မှီလျောထိုင်လျက် မျက်လုံးများ ကိုမှိတ်ထားပြီး ဇိမ်ကျကျ အတွေ းတွေ ထဲ စိမ်ထားရတာ ကို ကိုယ် သဘောအကျဆုံးပဲ။ လေးနှစ် ဆိုတဲ့ အချိန်ဟာ ယောကျ်ား တစ်ယောက် ရဲ့ နှလုံးသားကို အေးစက်သွားနိုင်မယ်တော့ မထင်ပါဘူး။ သူငယ်ချင်းတွေ လည်း ဖြစ်၊ ကိုယ့်အပေါ်လည်း အသည်းအသန် မြတ်နိုးရူးသွပ်ခဲ့တဲ့ အဲဒီ ကောင်လေးဟာ အခုဆို နည်းနည်း ရင့်ကျက်နေတဲ့ လူငယ် တစ်ယောက် တော့ ဖြစ်နေမှာ ပေ့ါ။ သူ့အကြောင်းပြန်တွေ းမိတိုင်း ကိုယ့်နှုတ်ခမ်းလေးအပေါ်မှာ အပြုံး တစ်စ ခိုတွယ်လာတတ်တာ ဘာကြောင့် မှန်းမသိပါဘူး။ ပြောရ ရင်တော့ ကိုယ်ဟာ တော် တော် ကလေးတော့ သူ့အပေါ် ရက်စက်ခဲ့မိတာပါ။

ဘာကြောင့် လဲဆိုတဲ့ မေးခွန်းအတွက်တော့ ကိုယ့်မှာ အဖြေကရှိပြီးသား။ ကိုယ့်လို ပညာရေး လောဘကြီးတဲ့၊ ဘဝရည် မှန်းချက်ကြီးတဲ့ မိန်းကလေးတိုင်း၊ ကိုယ့်နှလုံးသားဆီက လိုအင်ဆန္ဒနဲ့တောင့်တမှု ကို ဘဝမှာ တစ်ကြိမ်တစ်ခါလောက်တော့ ရက်စက်ပြတ်သားစွာ ငြင်းဆန်ဥပက္ခာပြုခဲ့မိဖူးကြမှာ ပါ...။ အခုလို အောင်မြင်မှု နဲ့အတူ ပြန်လာတဲ့အချိန်မှာ တော့ ကိုယ့်နှလုံးသားကို နည်းနည်း ပြန်ငဲ့ကြည့်ဖို့ အချိန် ကလေး ရလာပြီဆိုပါတော့။ အဲဒီ အခါမှာ ကိုယ် ဘာလိုချင်သလဲဆိုတာကို ကိုယ့်နှလုံးသားက အချက်ပြမီးကလေး လင်းနေပြီမို့ သိခဲ့ရပြီ။ လေးနှစ် လုံးလုံး ခွဲခွာခဲ့ရတဲ့ တစ်ချိန်က သူသိပ်ချစ်တဲ့ မိန်းမ တစ်ယောက် ရဲ့ အိမ်အပြန်ကို သူက နွေးထွေးစွာ ကြိုဆိုပါ့မလားဟင်။

အဲဒီ အချိန်တုန်းဆီက ကိုယ်ဟာပညာလောဘ သိပ်တတ်နေသူ တစ်ယောက် ပေါ့။ မြန်မာပြည်မှာ အင်္ဂလိပ်စာအဓိကနဲ့ ဘွဲ့ရပြီးပြီမို့ နိုင်ငံခြားထွက်ပြီး ကျောင်းဆက်တက်ဖို့ ရည်မှန်းချက်ကြီးစွာ ကြိုး စားအားထုတ်နေချိန်။ အင်္ဂလန်က Nothumbria University မှာ MBA ဘွဲ့ အတွက် ကျောင်းဆက် တက်ခွင့်ရဖို့ အပြင်းအထန် အိပ်မက်မက်နေချိန်မှာ သူ ကတော့ ဂစ်တာတစ်လက်နဲ့ သီချင်းတွေ ရေး လို့ကောင်းဆဲ။ သူငယ်ချင်းတွေ တရှုန်းရှုန်းနဲ့ ဂီတအိပ်မက်ကို စိတ်ကူးယဉ်ဆန်ဆန်ကို မက်နေ တော့တာ။ အဲဒီ အချိန်တုန်း ကတော့ သူ့ကို သူငယ်ချင်း တစ်ယောက် အ ဖြစ် သံယောဇဉ်ရှိခဲ့တာ အ မှန်ပေမယ့် သူ့ရဲ့ ဘဝနေနည်းနဲ့ ခံယူချက်ကို လုံးဝမနှစ် မြို့ ခဲ့တာ အမှန်ပါပဲ။ သူနဲ့ဆုံလိုက်တိုင်း ဒီ အကြောင်းနဲ့ပတ်သက်ပြီးတော့ပဲ စကားများ ငြင်းခုံနေကျ။ ကိုယ်က ပညာမာနက ခပ်ကြီးကြီးနဲ့ သူ ကတော့ ဂျစ်ကန်ကန်နဲ့ ခပ်ရွတ်ရွတ်သမားရယ်။ ခွကျလိုက်တာ... အရွဲ့တိုက်တာလည်း သူ့ပြင် နှစ် ယောက် မရှိ။ ကော်ဖီဆိုင်မှာ ထိုင်ရန် ဖြစ်တာနဲ့ပဲ အဆုံးသတ်လမ်းခွဲနေကျပါ။ ကိုယ် ကတော့ ကိုယ့်ခံယူချက်ကို လုံးဝမှား ဘူးလို့ ပြတ်ပြတ်သားသား ခံယူထားသူ။ သူ့ကိုသာ ပြုပြင်ပြောင်းလဲ စေချင်တာ။

နေစမ်းပါဦး.. နင်က သီချင်းရေး ဆရာ၊ အဆိုတော် ဖြစ်တော့ရော၊ နင့်ဘဝ အာမခံချက်က ဘယ်လောက်ထိ ခိုင်မာမှာ မို့လဲ၊ ရေရှည်မှာ နင့်ဘဝတက်လမ်းအတွက် သေချာဖို့ဆိုရင် “ပညာ” နဲ့ ပဲ နင်လုပ်စားရမှာ ၊ ပညာတွေ နင်ထပ်သင်ရမှာ ”

လို့... ကိုယ်ပြောတဲ့စကားတောင် မဆုံးခင် သူနှုတ်ခမ်းတွေ က စေ့စေ့တင်းထားခဲ့ပြီ။ အနု ပညာသမားရယ်လို့ မပြောရဘူး။ သူက မာနကလည်း ခပ်ကြီးကြီးရယ်။

"လုပ်မနေပါနဲ့ ငအံ့ရာ"၊ နင်လည်း နင့်အယူအဆနဲ့နင်၊ နင့်အတွေ းအခေါ်နဲ့နင်၊ နင်က အင်္ဂလန် သွားမယ်၊ ကျောင်းသွားတက်မယ်၊ MBA ဘွဲ့ထပ်ယူမယ်၊ တခြား ဒီပလိုမာတွေ လည်း ရသ လောက်ယူမယ်၊ အတွေ့အကြုံရအောင် အလုပ်တွေ လုပ်မယ်၊ နင့်ရဲ့ အရည်အသွေးနဲ့ စွမ်းအင် နယ်ပဲကို ချဲ့ထွင်နိုင်သလောက် ချဲ့ထွင်မယ်၊ အဲဒါကို ငါဘာမှမပြောဘူး၊ နင် တော် တာ ငါသိတယ်၊ နင့်မှာ အစွမ်းအစရှိတာ ငါသိပြီးသား။ ဘာမဆို နင်လုပ်နိုင်တာကိုလည်း ငါပေါက်ပြီးသားပါ၊ အေး... ဒါပေမယ့် ငါ့ကိုတော့ လာမနှိမ်ချင်စမ်းပါနဲ့ ငအံ့ရာ၊ နင့်ပညာကို နင် တန်ဖိုးထားသလို ငါ့ အနုပညာကိုလည်း ငါ ရူးသွပ်တာပဲ၊ အများ ကြီး မျှော်လင့်ထားတာပဲ၊ ငါ့ဘဝက သီချင်းရေး တာနဲ့ သီချင်းဆိုတာပဲ၊ ဒါကို ငါရွေးချယ်ထားခဲ့ပြီးသားပဲ၊ ဒါနဲ့ပဲ ငါအောင်မြင်အောင် ကြိုး စားမယ်၊ ထိပ်ဆုံး ရောက်တဲ့အထိ တက်မယ်၊ ငါ့ကို ဘာကမှ တားဆီးပိတ်ပင်ထားလို့မရဘူး၊ ငါ့မိဘတွေ တောင် တား လို့မရဘူးကွာ၊ ငါ့ဘဝရဲ့ ရေရှည်အာမခံချက်တွေ ဘာတွေ ငါ့ကိုလာမပြောနဲ့၊ အဝေးကြီးကို ငါကြိုမစဉ်းစားထားဘူး၊ အခုလုပ်နေတဲ့ ငါ့အလုပ်ကိုပဲ အကောင်းဆုံး ငါဖန်တီးမယ်၊ အဲဒါ ငါ့ရဲ့ ရှင်သန်မှု ပဲ၊ လူတွေ မှာ အရေး ကြီးတာက ရှင်ရက်နဲ့သေမနေဖို့ပဲ ငအံ့ရဲ့၊ ကိုယ်လုပ်ချင်တာ လုပ်ခွင့်ရနေသမျှ ရှင်နေမှာ ပဲ၊ မလုပ်ချင်တာကြီး ကြိတ်မှိတ်လုပ်ပြီး မျှော်လင့်ချက်ကင်းမဲ့နေရတဲ့ ဘဝကမှ သေသွား တာ၊ ငါ နင့်လို MBA ဘွဲ့ မလိုချင်ဘူး၊ Business တွေ မလုပ်ချင်ဘူး၊ ငါ မပျော်ဘူး၊ အဲဒါတွေ လုပ်ရ ရင် ငါသေသွားလိမ့်မယ်၊ သီချင်းရေး နေရင်း၊ သီချင်းဆိုနေရင်း ငါ အသက်ရှူနေရတဲ့ စက္ကန့်တိုင်း မိနစ်တိုင်းကို ငါ enjoy ဖြစ်တယ်"

သူက ဂီတသမားပီပီ စကားလုံးအသုံးအနှုန်းကလည်း ကြွယ်ပ့ါ။ ကိုယ်ကလည်း တယူသန် ဆန်တယ်ပဲဆိုဆို ဒါဆိုဒါပဲ...။ သူ့ကို အထင်မကြီးမိပေါင်....။ သူ ဘာတွေ ပဲပြောပြော မှန်တယ်လို့ ကို မထင်။

"တော် စမ်းပါ မေင်းရယ်၊ နင် စကားတတ်တိုင်း လျှောက်ပြောမနေစမ်းပါနဲ့၊ နင်နဲ့ငါ စိန် တောင်ခေါ်လိုက်ချင်သေးတယ်၊ နောက်လေးနှစ် ကြာတဲ့အခါ နင် ဘာ ဖြစ်နေမလဲ… ငါ ဘာ ဖြစ်နေမ လဲ၊ ဘယ်သူက စင်ပေါ်ရောက်နေမလဲဆိုတာ"

ကိုယ်က အဲဒီ လိုမိန်းမစားပါ။ လက်ဖျောက်ကလေးတောင် တီးလိုက်ပြီး သူ့ကို စိန်ခေါ်တာ။ သူ့မျက်ဝန်းတွေ လည်း ချက်ချင်း လက်ခနဲ ဖြစ်လို့၊ မျက်ခုံးတွေ ခပ်တွန့်တွန့်ချိုး လို့။

"သူငယ်ချင်းချင်း စိန်ခေါ်စရာလား အံ့ရာ၊ နင် ကတော့ စံပဲနော်"

တဲ့…။ ကိုယ် ကတော့ သွေးနားထင်ရောက်နေချိန်လေ။ ကျန်တာ ဘာမှသိပ်ဂရုမစိုက်။

ဟုတ်တယ်လေ… ဘဝဆိုတာ စိန်ခေါ်မှု ရှိမှ တိုးတက်တာ"

အဲဒီ တုန်း ကတော့ သူ့မျက်လုံးတွေ သိပ်လေးနက်သွားခဲ့ပြီး၊ ကိုယ်နဲ့ မျက်လုံးချင်းဆုံပြီး ခပ် တိုးတိုးပြောခဲ့တဲ့ စကားတွေ ကို ကိုယ် မေ့လို့မရပါ။

"ဒီမယ်…အံ့၊ လမ်းလျှောက်နေတဲ့ လူ တစ်ယောက် ဟာ သူရပ်မနေသရွေ့ တစ်နေ့တော့ ခရီးရောက်သွားမှာ ပဲ၊ သွားချင်တဲ့ ဦးတည်ရာလမ်းကြောင်းတွေ မှ မတူကြတာ၊ နင် လျှောက်နေတဲ့ လမ်းကြောင်းပေါ်မှာ ငါမရှိရုံနဲ့တော့ ငါ့ကို ကျန်ရစ်ခဲ့ပြီလို့ နင် မထင်ပါနဲ့၊ ငါ့ကို အထင်သေးချင်တဲ့ အကြည့်နဲ့လည်း မကြည့်ချင်ပါနဲ့၊ နောက်လေးနှစ် အကြာမှာ ငါလည်း ခရီးတစ်ခုတော့ ရောက်နေ မှာ ပါ၊ နင်နဲ့တော့ လမ်းချင်းဆုံချင်မှ ဆုံမှာ ပေါ့"

တဲ့…။ သူ့မျက်လုံးတွေ က ရီရီဝေဝေနဲ့ပါ။ သူဟာ ကိုယ်ဘာလဲဆိုတာကိုလည်း သိတော့သိ ထားပါရဲ့ ။ ဒါပေမယ့် တကယ်တမ်းမှာ အကြာကြီး ခွဲကြရတော့မယ်၊ ခရီးလမ်းခွဲတစ်ခုထိ ကိုယ်စီ လျှောက်ရတော့မယ်ဆိုတဲ့အခါကျတော့ သူ့ရဲ့ တွယ်တာမှု နဲ့ သံယောဇဉ်တွေ က ဟန်ဆောင်ထိန်း ချုပ်မြိုသိပ်ထားလို့မရစွာ နဲ့ ပွင့်အန်လာခဲ့တော့တာပါ။ ပြီးတော့… သူက အနုပညာသမားပီပီ အင်မ တန်လည်း ထိရှခံစားလွယ်လွန်းသူ ဖြစ်ခဲ့သလောက် ကိုယ် ကတော့ ပညာလောဘကြီးသူတွေ ရဲ့ ထုံးစံအတိုင်း နှလုံးသားကို

သော့ ခတ်လို့တောင် သိမ်းဆည်းထားပစ်ရဲတဲ့အထိ ပြောင်မြောက်သူ ဆိုပါတော့...။

တစ်ရက်မှာ သူက ကိုယ့်ကိုချိန်းခဲ့တာ။ အေးအေးဆေးဆေး စကားပြောရအောင်တဲ့။ ရေကန်စပ်ကလေးတစ်ခုရဲ့ ခုံတန်းကလေးတစ်ခုမှာ ကိုယ်တို့နှစ်ယောက် ပြောခဲ့ကြတဲ့ စကားတွေ ကို ခုထိ မှတ်မိပါသေးတယ်။

"နင် တကယ်ပဲ အဝေးကြီးကို ထွက်သွားတော့မယ်ဆိုတော့ ငါ မခံစားနိုင်တော့ဘူး အံ့ရယ်၊ ငါ နင့်ကို စိတ်လည်းမချဘူး၊ ငါ နင့်ကို အရမ်းချစ်တယ်၊ ငါတို့ တစ်ယောက် နဲ့ တစ်ယောက် ကတိ သစ္စာတစ်ခုနဲ့ နှောင်ဖွဲ့ထားရအောင်ဟာ၊ ဟင်... ဘယ်လိုသဘောရလဲ အံ့၊ နင် သွားချင်တဲ့လမ်းကို နင် ဖြောင့်ဖြောင့်တန်းတန်းပဲ သွားပါ၊ ငါ့မှာ ချစ်သူရှိတယ်၊ ငါ့ချစ်သူဟာ တစ်နေ့မှာ ငါ့ဆီပြန်လာ မယ်ဆိုတဲ့ သေချာမှု တစ်ခုနဲ့ ငါလည်း လုပ်စရာရှိတာတွေ ဆက်လုပ် ရင်း ကျန်ရစ်ခဲ့ချင်တယ်၊ ငါ စိတ်ချလက်ချ စိတ်အေးထားချင်တယ် အံ့ရယ်၊ ငါပြောတာ နင် သဘောပေါက်ရဲ့ လား မသိဘူး"

အဲဒီ တုန်းက သူ့မျက်ဝန်းတွေ မှာ မျှော်လင့်ရိပ်တွေ နင့်သီးလို့ပါ။ သူတကယ် အလေးအနက် အသည်းအသန် ဖြစ်နေတာကိုလည်း ကိုယ် ခံစားမိပါရဲ့ ။ ဒါပေမယ့် ကိုယ် သူ့ခံစားချက်ဆိုတာကို လုံးလုံး ထည့်မတွေးမိတဲ့အချိန် ဆိုပါတော့။ ကိုယ့်စိတ်ထဲမှာ ကိုယ်ကိုယ်တိုင်လောက် ဘယ်သူက မှ အရေး မကြီးခဲ့တာ အမှန်ပါပဲ။

"ဟင့်အင်း.... ငါသဘောမပေါက်ဘူး မင်း၊ ရှင်းရှင်းပြောရရင် ခုချိန်မှာ အချစ်ရေး တွေ ၊ နလုံး သားရေး ရာကိစ္စတွေ ဆိုတာ ငါ့ဘဝတက်လမ်းအတွက် တက်နေတဲ့ လှေကားထစ်တွေ မှာ ကန့်လန့် ခံနေတဲ့ ခလုတ်ကန်သင်းတွေ ပဲ၊ အနှောင့်အယှက်တွေ ပဲ သိလား မင်း၊ အချစ်ကြောင့် ငါ့စိတ်တွေ တွေ ဝေမှာ ၊ နောက်ဆံတင်းရမှာ တွေ ငါမကြိုက်ဘူး၊ ပြီးတော့ ငါ ဘယ်သူ့ကိုမှ မချစ်ဘူး၊ ငါ့ကိုယ် ငါပဲ ချစ်တယ်၊ နင်နဲ့ငါက မတူညီတဲ့လမ်း နှစ် ခုကို လျှောက်နေကြတဲ့လူတွေ မင်း၊ ငါ ဖြစ်စေချင်တဲ့ ဘဝမျိုး နင့်မှာ လည်း ဘယ်တော့မှ ရှိလာနိုင်မှာ မဟုတ်ဘူး၊ နင့်ကိုလည်း ငါ စိတ်တိုင်းမကျဘူး၊ အဲဒီ တော့ နင်နဲ့ငါ ဘယ်တော့မှလည်း ဖြစ်နိုင်မှာ လည်း မဟုတ်ဘူး၊ အမြဲတမ်း... သူငယ်ချင်းပဲ သူငယ်ချင်း"

ကိုယ့်ရဲ့ အညှာအတာကင်းတဲ့ ပြတ်သားလွန်းတဲ့ စကားတွေ အတွက် ကိုယ်ကတော့ ဘာမှ မ ဖြစ်ပေမယ့် သူ ကတော့ တော် တော် ကြေသွတဲ့။

"နင် ငါ့ကို ငြင်းတဲ့သဘောလား အံ့၊ ဘယ်တော့မှ မစဉ်းစားပေးတော့ဘူးလား"

သူ့အသံက တိုးလျှိုး သံကလေးတော့ နည်းနည်း ပါနေခဲ့ပါရဲ့။

"ဟင့်အင်း... မစဉ်းစားချင်ပါဘူး မင်းရာ၊ နင်ဟာ ငါ့ချစ်သူ ဘယ်တော့မှ ဖြစ်လာစရာ အကြောင်းမရှိပါဘူး၊ အဲဒါကို ငါအသိဆုံးပေါ့၊ ငါ့ဘဝအတွက် ချစ်သူ တစ်ယောက် ရွေးချယ်တော့ မယ်ဆိုရင်တောင် အဲဒီ လူဟာ ဘဝရည်မှန်းချက် သိပ်ကြီးမားတဲ့ အရမ်းတော် တဲ့ လူတော် တစ်ယောက် ပဲ ဖြစ်စေချင်တာ၊ သူဟာ ငါ့ကို ဦးဆောင်နိုင်စွမ်းရှိရမယ်၊ ငါ့ဘဝကိုလည်း မြင့်မြင့် မားမာ ထားနိုင်တဲ့လူ ဖြစ်ရမယ်"

ဘယ်တုန်းကမှ.. ဘယ်သူ့ကိုမှ... ဘာအတွက်နဲ့မှ အားမနာတတ်၊ မငဲ့ညှာတတ်တဲ့ကိုယ် ဟာ သူ့ကို နာကျင်ထိခိုက်စေလိုတဲ့ဆန္ဒ မရှိခဲ့တာမှန်ပေမယ့် အပြောကတော့ လုံးဝကို မညှက်ခဲ့ တာ အမှန်။ အဲဒီ စကားလုံးတွေ က သူ့ရဲ့ မာနကို တော် တော် ထိပါးစေခဲ့မှန်းတောင် ကိုယ်က မရိပ်မိ ခဲ့တာ။ (နောင်တစ်ချိန် ခေါင်းအေးအေး သွေးအေးအေး ရှိချိန်ကျမှ သူ့ကိုသတိရမိတဲ့အခါ ပြန်စဉ်း စားကြည့်မိတော့မှ အဲဒီ တုန်းက ငါ တော် တော် လွန်ခဲ့တာပါလားလို့ နောင်တရသလိုလို ဖြစ်မိတာ။)

"နင် ငါ့မျက်လုံးတွေ ကို တည့်တည့်ကြည့်ပြီး ပြောနိုင်မလား အံ့၊ ငါ့ကို နင် တကယ်မချစ်ဘူး ဆိုတာ"

"သြော်... အဟုတ်ပြောတာ၊ ဘုရားစူးရစေ့၊ နင့်ကိုငါ မချစ်ဘူး.. လုံးဝပဲ"

"နင် သေချာတယ်နော်"

တဲ့...။ သူ ထပ်မေးပြန်တယ်။ ကိုယ်က အဲဒီ လောက် စိတ်မရှည်ဘူး။

"ကျစ်... သေချာပါတယ်ဆိုမှဟာ၊ မင်းကလည်း ငါ နင့်ကို သူငယ်ချင်းလိုပဲ ခင်တယ်"

“အေး… ငါ ကတော့ နင့်ကို သူငယ်ချင်းထက်ပိုတဲ့ ချစ်သူ တစ်ယောက် လို အချစ်မျိုး နဲ့ အရမ်းချစ်တယ် အံ့ထားမေ၊ နင်ဟာ ငါ့ရဲ့ နတ်သမီးပဲ၊ ငါ့ဘဝရဲ့ တစ်ခုတည်းသော အိပ်မက်ပဲ၊ နင် ဘယ်လောက်ပဲ ရက်စက်ရက်စက် ငါ့နှလုံးသားက နင့်ကိုပဲ တမ်းတတယ်၊ တစ်ချိန်ချိန်မှာ နင် ငါ့ အပေါ် ပြောင်းလဲချင် ပြောင်းလဲလာမှာ ပါဆိုတဲ့ မျှော်လင့်ချက်နဲ့ ငါ နေခဲ့ပါ့မယ်၊ နင် တစ်ခုခုတော့ စွဲစွဲမြဲမြဲ မှတ် သွားပါ ငအံ့၊ နင် ဘယ်အချိန်ပဲ ပြန်လာပြန်လာ ငါ့နှလုံးသားရှေ့မှာ နင် ရပ်လိုက်တာနဲ့ ငါ့နှလုံးသားတံခါးက နင်ခေါက်စရာတောင်မလိုဘဲ အလိုအလျောက် ပွင့်သွားမယ့်တံခါးပါ၊ တခြား သူတွေ အတွက် မပွင့်ဘူး၊ နင် တစ်ယောက် တည်းအတွက်ပဲ ပွင့်ပေးမှာ ပါ”

တဲ့…။ သူ ပြောတတ်လိုက်တာလေ။ အဲဒီ နောက်တော့ ကိုယ် အင်္ဂလန်ကိုထွက်လာတဲ့ အချိန်ထိ သူနဲ့ကိုယ် မတွေ့ ဖြစ်ကြပါဘူး။ သွားခါနီး တော့ ကိုယ် သူ့ကိုဖုန်းဆက်လိုက်တယ်။ သူငယ်ချင်းတွေ ကို နှုတ်ဆက်တဲ့ ညစာစားပွဲတုန်းကလည်း သူမှ ရောက်မလာခဲ့တာ။ ကျန်တဲ့သူငယ်ချင်းတွေ ဖြစ်တဲ့ ရဲထွဋ်တို့ ငယ်ငယ်တို့ ကတော့ ပြောတယ်။

“ငမင်း အသည်းကွဲနေတယ်.. နင်က သူ့ကို မျှော်လင့်ချက်ကလေးတောင်မှ မပေးဘဲ တိခနဲ ဖြတ်ပစ်ခဲ့တာကိုး”

တဲ့…။

“သူက နင့်ကို ဟိုး state ကျောင်းသားဘဝကတည်းက ချစ်ခဲ့တာ၊ ဆယ်တန်းအောင်တော့ major ရွေးတာတောင် နင်ရွေးတဲ့ e-major ကို သူတမင်လိုက်လျှောက်တာ နင်နဲ့ မခွဲချင်လို့၊ နင့် ကိုဆို သူ အမြဲကြွေနေတာပါ၊ အခု နင်ထွက်သွားတော့မယ်ဆိုမှ သူ မနေနိုင်လွန်းလို့ ရင်ဖွင့်လိုက်မိ တာ၊ နင်က ရင်ဝကို တစ်ချက်တည်း ဆောင့်ကန်ပစ်လိုက်တာကိုး၊ ဒီကောင် ရင်ကွဲရောပေါ့”

တဲ့..။ ကိုယ်က သူ့ကို မသနားတဲ့အပြင် အပြစ်တောင်တင် ကဲ့ရဲ့ ချင်သေးတာ၊ အချစ်ကို အဲဒီ လောက်ဦးစားပေး ကိုးကွယ်ရမလားလို့လေ။ သူငယ်ချင်းတွေ ထဲမှာ တော့

ကိုယ်က လူဆိုးကြီး ကို ဖြစ်လို့။

အင်္ဂလန်မှာ ကျောင်းတက်နေရတဲ့ အချိန်မှာ လည်း ကိုယ်က အားလုံးကိုမေ့လို့။ အပြိုင်အဆိုင်တွေ ကြားမှာ စိတ်ဖိစီးမှု တွေ အောက်မှာ ပညာတတ်ချင်လွန်းလို့ မိဘတွေ နဲ့ဝေးရာမှာ တစ်ယောက် တည်း ကြိုး စားရုန်းကန်ရင်း ပညာရှာခဲ့ရတာ ။ နလုံးသားဆန္ဒဆိုတာ အဝေးကြီးမှာ ....။ MBA ဘွဲ့ရပြီးတော့ အင်္ဂလန်မှာ ပဲဆက်ပြီး အလုပ်ရှာခဲ့။ အတွေ့အကြုံရော ငွေကြေးပါ အချိန်တွေ နဲ့ရင်းပြီး ရှာခဲ့ရတာ ပါ။ လေးနှစ် ဆိုတဲ့အချိန်ဟာ ကိုယ်အတွက်တော့ အိပ်မက်ကမ္ဘာတစ်ခုဆီ ရောက်နေခဲ့သလိုပါပဲ။ အခုတော့ ကိုယ် မြန်မာပြည်ကို ပြန်ခဲ့ပြီ။ ဒီကာလတွေ အတွင်းမှာ အဆက်အသွယ်တွေ လည်း ရခဲ့ပြီမို့ မြန်မာပြည်ရဲ့ ပုဂ္ဂလိကဆေးရုံကြီးတစ်ခုရဲ့ အုပ်ချုပ်မှု ဒါရိုက်တာအဖွဲ့ထဲမှာ နေရာတစ်ခုလည်း ကမ်းလှမ်းခံခဲ့ရပြီမို့ ကိုယ်ဆက်သွယ်မိတဲ့ တစ်ဦးတည်းသော သူဟာ "မင်းပိုုလွင်" ပါပဲ။ သူ့ရဲ့ mobile နံပါတ်က မေမေတို့ဆီကနေ ရခဲ့တာ။ ခုတော့ သူကဂီတလောက မှာ သိပ်ကို အောင်မြင်ထင်ရှားလင်းလက်နေတဲ့ ကြယ်တစ်ပွင့်တဲ့လေ။ မေမေ ပြောပြလို့ သိခွင့်ရ တာပါ။ သူ့ mobile ဆီ လှမ်းခေါ်ခဲ့မိစဥ်က သူ့အသံကို ကြားချင်စိတ်နဲ့ ကိုယ် ဘယ်လောက် စိတ် တွေ လှုပ်ရှားယိမ်းနွဲ့နေခဲ့သလဲဆိုတာ ကိုယ်ကိုယ်တိုင်ပဲ အသိဆုံးပါ။

"ဟယ်လို..."

ဆိုတဲ့ သူ့ဖြေသံဟာ လွန်ခဲ့တဲ့လေးနှစ် တုန်းကလိုပဲ ညြို့ချိုနွေးရှဆဲပဲ။ ကိုယ့်ရင်ထဲ စိမ့်ခနဲ တောင် ဖြစ်လို့သွားတာ။ သူ့ကို ကိုယ် ဘယ်လောက်လွမ်းနေခဲ့မှန်း သူ့အသံကို ကြားခွင့်ရလိုက် တော့မှပဲ သိခွင့်ရတာ ပါ။

"ဘယ်သူလဲလို့ ခန့်မှန်းကြည့်စမ်း"

ကိုယ် ရယ်သံနဲ့ လှမ်းမေးတော့ သူ့ဘက်က အသံတိတ်သွားတယ်။ တိတ်သွားတာမှ တော်တော် ကလေးကို ကြာတာပါ။ ကိုယ်လည်း သူ့ဆီက အဖြေကိုပဲ စိတ်ရှည်လက်ရှည် စောင့်နေမိတာ။ အတော် လေးကြာမှ သူ့ဆီက အသံထွက်လာတယ်။

"ငအံ့လားဟင်.........."

တဲ့...။ သူ့အသံထဲမှာ မွတ်သိပ်ငံ့လင်းခြင်းတွေ ခုချိန်ထိလည်း ပျော်ဝင်စိမ့်ဝင်နေဆဲပဲ။ ဘုရားရေ... သူ ကိုယ့်ကိုမျှော်လင့်နေဆဲပဲလားဟင်။ ကိုယ်ကိုယ်တိုင်လည်း အရမ်းပျော်မိသွားတာ။

"ဟုတ်ပါ့.... ငါပြန်လာတော့မယ် မင်း၊ ရှေ့တစ်ပတ် valentine's day ဖေဖော်ဝါရီလ (၁၄) မှာ Singapore air line နဲ့ ငါပြန်ရောက်မယ်။ အဲဒါ လေဆိပ်မှာ နင် လာကြိုပေးနိုင်မလားဟင်၊ ငါ နင့်ကို အရမ်းတွေ ့ချင်နေတယ်၊ ပြောစရာစကားတွေ လည်း အများ ကြီးပဲပါတယ်ဟာ၊ နင် စိတ်ဝင် စားလား"

ထူးဆန်းတာက သူငယ်ချင်းတွေ ရဲ့ နွေးထွေးမှု ဆိုတာပဲ။ အချိန်တွေ ဘယ်လောက်ပဲကြာ အောင် မတွေ ့ဖြစ်ကြပေမယ့် ပြန်တွေ ့လိုက်ရင် ဘယ်တော့မှ စိမ်းကားအေးစက်မနေတတ်တာ "သူငယ်ချင်း" ပဲ။

"ဘယ်လိုပြောလိုက်တာလဲ အံ့ရယ်၊ သိပ်စိတ်ဝင်စားတာပေါ့၊ ငါ လာကြိုမှာ ပေါ့၊ ငါလည်း နင်နဲ့ အရမ်းတွေ ့ချင်နေတယ်၊ ငါ့မှာ လည်း ပြောစရာစကားတွေ အများ ကြီး"

" တဲ့......။ သူက သွက်လက်နွေးထွေးစွာ ပဲ ပြန်ပြောတယ်။ သူ့ရဲ့ အသံထဲမှာ အောင်မြင်သူ တစ်ယောက် ရဲ့ အရှိန်အဝါကိုတော့ ကိုယ် ခံစားမိပါရဲ့ ။

"ငမင်း.. နင် တော် တော် အောင်မြင်နေပြီဆို၊ ငါ သတင်းတွေ တော့ ကြားရပါတယ်၊ ငါ့မှာ လည်း ကိုယ့်အလုပ်တွေ နဲ့ကိုယ် မအားလွန်းတော့ မြန်မာပြည်နဲ့ အဆက်အသွယ်ပြတ်နေသလို တောင် ဖြစ်နေတာ၊ မေမေ့ဆီမှာ နင့်သတင်းကို မေးယူရတဲ့အ ဖြစ်၊ ဟိုကောင်တွေ ရဲထွဋ်တို့ ငယ်ငယ်တို့နဲ့လည်း အဆက်အသွယ်မလုပ် ဖြစ်ဘူးဟာ၊ e-mail တောင် မရိုက် ဖြစ်ဘူး"

"ဒီကောင်တွေ ရှိပါတယ်ဟာ... ဘယ်သူမှတော့ အိမ်ထောင်မကျသေးဘူး၊ နင့်အသံကို ပြန် ကြားရတာ ငါ အရမ်းဝမ်းသာတယ် ငအံ့၊ အိုကေ... ငါ လေဆိပ်မှာ လာကြို ပါ့မယ်"

“ see you.....မောင်း”

*

လေယာဉ်က မြန်မာပြည်နဲ့နီးလေ ကိုယ့်စိတ်တွေ သိပ်လှုပ်ရှားလာလေလေပါ။ ပြန်မရောက် ဖြစ်တာ လေးနှစ် လုံးလုံးလေ။ ပြီးတော့ valentine’s day လည်း ဖြစ်တာမို့ ဘယ်တုန်းကမှ စိတ် မကစားဖူးတဲ့ ကိုယ် တစ်ယောက် စိတ်တွေ လည်း လှုပ်ရှားလို့။ မမြင်ရတာ ကြာပြီ ဖြစ်တဲ့ သူငယ်ချင်း တစ်ယောက် ကို ပြန်တွေ့ရဖို့ သက်သက်နဲ့တော့ ဒီလောက် ခြေဖျားလက်ဖျားတွေ အေးစက်ပြီး ရင်ခုန်သံက ဝုန်းဒိုင်းကြဲဆူညံနေတာမျိုး မဖြစ်လောက်ပါဘူး။ သူငယ်ချင်းထက် အများ ကြီးတွယ် တာနှောင်ဖွဲ့နေတဲ့ သံယောဇဉ်မျိုး ရှိပါတယ်။ လေးနှစ် လုံးလုံးမှာ ကိုယ့်ကို စိတ်ဝင်စားစွာ ချဉ်းကပ် လာခဲ့သမျှ ယောက်ျားတော်တော် များများ ကိုလည်း သွေးအေးအေးနဲ့ကို ငြင်းပယ်နိုင်ခဲ့တာဟာ...

“နင် ဘယ်အချိန်ပဲ ပြန်လာလာ ငါ့နှလုံးသားရှေ့မှာ နင်ရပ်လိုက်တာနဲ့ ငါ့နှလုံးသားတံခါးက နင်ခေါက်စရာတောင်မလိုပဲ အလိုအလျောက် ပွင့်သွားမယ့်တံခါးပါ။ တခြားသူတွေ အတွက် မပွင့် ဘူး၊ နင် တစ်ယောက် တည်းအတွက် ပွင့်ပေးမှာ ပါ”

ဆိုတဲ့ သူ့ရဲ့ စကားတစ်ခွန်းတည်းကြောင့် ပါ။ အခုတော့ ကိုယ် သူ့ဆီပြန်ခဲ့ပြီ။ သူ့နှလုံးသား တံခါးရှေ့မှာ ရပ်လိုက်တော့မယ်လို့လည်း ဆုံးဖြတ်ပြီးပြီ။ အလိုအလျောက်ပွင့်လာမယ့် သူ့နှလုံးသားတံခါးကနေတစ်ဆင့် သူ့နှလုံးသားရဲ့ ဟိုးအနက်ရှိုင်းဆုံးအထိ ထဲထဲဝင်ဝင် ဝင်ရောက်တော့ မယ်လို့လည်း ကြံစည်ထားခဲ့ပြီ။ ကိုယ့်ဘဝမှာ အဖော် တစ်ယောက် တော့ လိုအပ်ခဲ့ပြီလေ။ မျှဝေ ခံစားဖော်... တိုင်ပင်ဆွေးနွေးဖော်... နှလုံးသားပူနွေးရီဝေဖော်ဆိုပါတော့။ ပြီးတော့ သူ့ကိုလည်း ကိုယ်က ချစ်နေခဲ့တယ်လို့ ခံစားမိခဲ့ပြီလေ။

*

ကိုယ့်ကို ပေးခဲ့ဖူးတဲ့

အဖိုးတန်လက်ဆောင်တစ်ခု

နောင်တစ်ချိန်ချိန်မှာ လည်း

ကိုယ့်ကိုပဲ ပေးပါ့မယ်လို့

စကားခံထားခဲ့ပြီးမှ

တခြားသူ တစ်ယောက် လက်ထဲ

ထိုးအပ်လိုက်တဲ့အခါ

အဲဒါဟာ ကိုယ့်ကို

စော်ကားလှည့်စားတာပဲလို့

ယူဆရတယ်။

*

အခန်း...၂

လေယာဉ်ပေါ်ကနေ ဆင်းကတည်းက မျက်လုံးကစား ရှာဖွေခဲ့မိတာ။ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်က ကိုယ်ထွက်လာခဲ့ချိန်ကနဲ့ လုံးဝမတူတော့ဘဲ ခမ်းနားလှပစွာ ဆီးကြိုလို့။ လိုအပ်တဲ့ ကိစ္စတွေ ရှင်းလင်းပြီး သေတ္တာသွားထုတ်... custom ကိုဖြတ်ပြီးမှ အပြင်ဘက်ကိုထွက်လာတော့ ကိုယ့်ရင်တွေ သိပ်ခုန်နေပြီ။ သူ ဘယ်မှာ လဲဆိုပြီး ရှာနေမိတာလေ။ သူ့ကိုတွေ့လိုက်ရတဲ့အချိန်မှာ ကိုယ့်ရင်တစ်ခုလုံး လျှပ်စီးကြောင်းတစ်စင်း ဖြတ်စီးသွားသလို ရှိန်းမြလိုက်ဖိုသွားမိတာ။ သူဟာ လွန်ခဲ့တဲ့လေးနှစ် တုန်းကနဲ့တောင်

မတူပါဘူး။ သနပ်ပြန့်သားနားထင်ရှားလာလိုက်တာ။ အောင်မြင် မှု ဆိုတဲ့ အရှိန်အဝါတစ်ခုက သူ့တစ်ကိုယ်လုံးပေါ် မီးမောင်းတန်းကြီး ထိုးထားသလိုပဲ ထင်းလင်း ဝင်းပနေတော့တာ။ သူ့ဘေးမှာ လည်း သူ့ကိုချစ်တဲ့ ပရိသတ်တွေ ဝိုင်းဝိုင်းလည်လို့ ရုတ်ရုတ်သဲသဲ ကို ဖြစ်နေတော့တာ။ အော်တိုရေး ခိုင်းသူတွေ ၊ ဓာတ်ပုံတွဲ ရိုက်သူတွေ နဲ့ စည်ကားလို့။ သူက လူတွေ ကြားကနေ ကိုယ့်ဆီလက်လှမ်းပြတော့ ပရိသတ် ကတော့ သူလက်ပြတဲ့ကိုယ့်ဆီ စိတ်ဝင်တစား လှည့်ကြည့်လိုက်သေး။ ကိုယ် သူ့အနားကို ခပ်သွက်သွက်ပဲ လျှောက်သွားမိတယ်။ ကိုယ့်မျက်နှာ ပေါ်မှာ သူ့အတွက် ဂုဏ်ယူကျေနပ်တဲ့ အပြုံး ကလေးတွေ အသီးသီးပွင့်လန်းနေမှာ အသေအချာပဲ။

လူ့ဘဝရဲ့ အဓိပ္ပာယ်ဆိုတာ ဒါပဲလေ။ အချိန်အတိုင်းအတာတစ်ခုအတွင်း မှာ ပညာနဲ့စီးပွား ဥစ္စာရှာရင်ရှာ၊ ဒါမှမဟုတ်ရင် အောင်မြင်ကျော်ကြားမှု နဲ့ ငွေကြေးကိုတော့ ရှာနိုင်ရမယ်လေ။ ကိုယ် က ပထမအရာကို ရှာနိုင်ခဲ့တဲ့အချိန်မှာ သူလည်း ဒီအတိုင်းနေနေခဲ့တာမဟုတ်ဘဲ ဒုတိယအရာကို ရှာခဲ့တာ အထင်အရှားပဲပေါ့။

"ငမင်း......"

ကိုယ်က သူ့ပခုံးတစ်ဖက်ကို ပိုင်ပိုင်နိုင်နိုင်ပဲ လှမ်းပုတ်လိုက်တယ်။

"ဟေး... ငအုံ၊ နင် အရမ်းချောလာပါလား၊ မိုက်တယ်ကွာ၊ အပုံစားပဲ၊ ငါတောင် ချက်ချင်း မမှတ်မိဘူး၊ ဘယ်က ဘိုမလဲလို့"

"အပိုတွေ လုပ်မနေနဲ့၊ သွားစို့လေ"

"အေးပါ၊ နင့်သေတ္တာ ငါဆွဲခဲ့ပါ့မယ်၊ ခဏလေး ငအုံ၊ နင့်ကို မိတ်ဆက်အရင်ပေးဦးမယ်"

အဲဒီ တော့မှ တစ်ဘက်မှာ လူတချို့ ဝိုင်းနေတဲ့အထဲကနေ ဖြူ နမ်းဆိုတိုးထွက်လာတဲ့ လမင်း တစ်စင်းလို ဝင်းပဖြူစင်လွန်းတဲ့ ချစ်စရာကောင်မလေးတစ်ယောက်ကို ကိုယ် သတိထားခဲ့မိသွား တာ။ ကြည့်လိုက်ရင် တကယ့်ကြွေရုပ်ကလေးတရုပ်လို နဖတ်ဖူးကြွနေတဲ့ ဆယ်ကျော်သက်အရွယ်

ချစ်စရာကောင်မလေး။ မျက်တောင်နက်နက်ထူထူ ကော့ရှန်းနေတဲ့ နှုတ်ခမ်းဖူးဖူးလှလှကလေးနဲ့ အားပါးတရပြုံး နေဟန်က အပြစ်ကင်းစင်လွန်းလို့။

"ဒေါလီ... ဒါ ကိုယ့်သူငယ်ချင်းလေ အံ့ထားမေ၊ ကိုယ်ပြောပြထားပြီးသားနော်၊ သိတယ် ဟုတ်၊ ငအံ့ ဒါ ငါ့ရဲ့ ချစ်သူလေး နှင်းနှနှင်းဆီတဲ့၊ အခု နာမည် ကြီးနေတဲ့ ကြော်ငြာစုပါမော်ဒယ်ပေါ့"

"ဟီဟိ... အဲဒါ ကိုကိုပိုတာပါ၊ အဲဒီ လောက်ကြီး မဟုတ်သေးပါဘူး မမရာ၊ ရှိ(စ်) က သူနဲ့ တွဲ ပြီးမှ လူသိများ လာတာပါ၊ တကယ်နာမည် ကြီးတာက သူ...သူရောက်လေရာမှာ သူ့ပရိသတ် ချည်းပဲ"

အမူလည်းပို၊ ချွဲလည်းချွဲတဲ့ ချစ်စဖွယ်မျက်နှာပေးကလေးနဲ့ ခရာတာတာပြောတဲ့ ကလေးမ ကလေးကို သူက ခပ်ပြုံး ပြုံးရွှန်းရွှန်းစားစားကြီးနဲ့ငေးလို့။ ကိုယ့်ရင်ထဲ ဘယ်လို ဖြစ်သွားမှန်းတောင် မသိလိုက်ပါဘူး။ ရှော့ခ်ရသွားသလိုမျိုး ဖြန်းခနဲ နှလုံးသားကွဲအက်သွားခဲ့တာ။ ရင်ထဲမှာ အကြီး အကျယ်ကို လှပ်ဟာဆုံးရှုံးသွားတာပါ။ စိတ်ဓာတ်လည်း တစ်ခါတည်းကျသွားလိုက်တာ။ ကိုယ် တန်ဖိုးထားမက်မောလွန်းလို့ အရိပ်တကြည့်ကြည့်ထားခဲ့တဲ့ ရတနာကလေးတစ်ခု ရုတ်တရက် ပျောက်ဆုံးသွားခဲ့သလိုပါပဲ။ ချက်ချင်း ကို ရှိုက်ကြီးတငင် ငိုချပစ်လိုက်ချင်တာ။ မျက်နှာကလည်း ဟန်မဆောင်နိုင်လောက်အောင် ပျက်ယွင်းနေမှာ ပဲ။ သွားပြီ.. ဆုံးရှုံးခဲ့ပြီဆိုတာကို သိခွင့်ရတော့မှ တန်ဖိုးက တရိပ်ရိပ်တက်လာသလို အဖိုးအနဂ္ဃ ထိုက်တန်လာတော့တာ။

သူ့ရဲ့ လက်တစ်ဖက်ကို သူမက ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်ပြီး လေဆိပ်ထဲကနေ ပြန်ထွက်လာ ခဲ့စဉ် လမ်းတစ်လျှောက်မှာ ပြောဖို့ ရင်နဲ့အပြည့်သိမ်းဆည်းထားခဲ့သမျှ စကားတွေ ဟာ တစ်လုံးမှ ကို ထွက်မလာတော့ဘဲ ကြက်ပျောက်ငှက်ပျောက်ကို လွင့်ပြယ်ကုန်တော့တာ။ ဘာစကားမှ မပြော နိုင်လောက်အောင်ပဲ ဆို့နစ်နာကျင်သွားခဲ့တာ။ သူ့ကိုလေ... စိတ်လည်းဆိုးမိတာ။ သူ ဘာ ဖြစ်လို့ ပြောင်းလဲသွားရတာ လဲ။ စကားမတည်ရတာ လဲ။ ကိုယ် ပြန်အလာကို သစ္စာရှိရှိ စောင့်မနေနိုင်ခဲ့ရ တာလဲ။

"ငအံ့.. နင် အိမ်ပဲတန်းပြန်ချင်လား"

"နင်တို့က ဘယ်သွားဦးမလို့လဲ"

သူ ကိုယ့်ကိုကြည့်တဲ့မျက်ဝန်းတွေ က တစ်မျိုး ပါပဲ။ စိမ်းကားအေးစက်သွားတာလား...။ စိတ်မဝင်စားတော့တာလား။ သူ့အာရုံတစ်ခုလုံးကို ဟိုမိန်းကလေးကပဲ မောင်ပိုင်စီးထားတော့တာ လားမသိ။

"ဒီနေ့ valentine's day လေကွာ၊ နင့်ကိုပို့ပေးပြီးရင် ငါတို့နှစ်ယောက် celebrate သွား လုပ်ကြမလို့ပေါ့၊ တကယ်လို့ နင်ပါလိုက်မယ်ဆိုရင်လည်း ငါတို့က အေးဆေးပါ၊ လိုက်မလား ငအံ့"

အလို...။ အဲဒါ ဘယ်လိုဖိတ်ခေါ်မှု မျိုး ပါလိမ့်။ ချစ်သူများ နေ့မှာ ချစ်သူနှစ်ယောက် တည်း အေးအေးဆေးဆေးမသွားဘဲ ကိုယ့်ကိုဟန်လုပ်ပြီး လောကဝတ်လုပ်နေတာလားမသိ။ ပထမတော့ "နင်တို့ဘာသာ လွတ်လွတ်လပ်လပ်သွားကြစမ်းပါ" လို့... ပြောမလို့ပါပဲ။ ဒါပေမယ့် စိတ်ထဲမှာ မကျေနပ်တဲ့စိတ်အခံနဲ့ အရွဲ့တိုက်၊ နှောင့်ယှက်ချင်စိတ်ကလေးက ဝုန်းခနဲ ဆောင့်တက်လာခဲ့တာ။ တွေ့ကြသေးတာပေါ့လေ...။ သူဟာ ဘယ်သူ့ကို ပိုလိုအပ်သလဲဆိုတာ ကောင်မလေးကို ပညာပြ ကြည့်မယ်။ ကိုယ့်ရဲ့ ဇီဇကိုက ဘယ်နေရာမှာ ဖြစ် ဖြစ် လွယ်လွယ်နဲ့ အရှုံးမပေးတတ်တာလေ။ ဘာ ဖြစ်လို့ နောက်မှပေါက်တဲ့ ရွှေကြာပင်ကလေးကို အရှုံးပေးပြီး ရှောင်တိမ်းထွက်ခဲ့ရမလဲ။ "မင်းပျိုလွင်" ဆိုတဲ့နောကလေးဟာ ဟိုးအရင်ကတည်းက ကိုယ့်ကို တမ်းတမ်းစွဲ ချစ်မက်မောခဲ့ဖူးတယ် ဆိုတာကို သူမကလေး သိမှသိရဲ့ လားမသိ။ မာနသွေးကလေးက ကြွလာခဲ့ပြီး...

"အေး... လိုက်တာပေါ့ဟယ်၊ valentine's day ဆိုတာ ငါနဲ့မပတ်သက်ခဲ့ဖူးတာ တော် တော် ကိုကြာပြီ၊ ဘာတွေ လုပ်ကြ၊ ပျော်ကြသလဲဆိုတာ သိချင်သား.. လိုက်ခဲ့မယ်လေ"

လို့... ပြောလိုက်တော့ ကောင်မလေး ကတော့ မျက်နှာတစ်ချက်ပျက်သွားတယ်။ သူမ ကိုယ့်ကို မလိုက်စေချင်တာသိသားပဲ။ အဲဒါကြောင့် လိုက်ကိုလိုက်မှာ ...။ သူ ကတော့

အေးဆေးပဲ။

“အေး… ပြီးရော၊ သွားကြတာပေါ့…၊ အချိန်တော့ရပါသေးတယ်၊ နင် အိမ်ပြန်ပြီးပစ္စည်း တွေ ဘာတွေ ထား၊ အေးအေးဆေးဆေး ရေမိုးချိုး ၊ အလှပြင်လိုက်ဦးလေ… ဟုတ်လား”

သူ့ကားက CELICA ပြိုင်ကားကို အပြတ်ရှိုင်းထားတာ ပုံလန်နေတာပဲ။ ခက်တာက ပြိုင် ကားတို့ရဲ့ သဘောက လူနှစ် ယောက် သာ စီးလို့ရတာ ။ ပြီးတော့… suit case ကြီးလည်း တင်ဖို့ မလွယ်ဘူးလေ။

“ဟဲ့…. နင့်ကားက ဘယ်လိုစီးရမှာ တုန်း”

လို့… ကိုယ်မေးလို့မှမဆုံးသေးဘူး taxi ကားတစ်စင်းက နောက်မှာ ထိုးရပ်လာခဲ့ရော။

“စိတ်မပူပါနဲ့ ငအံ့ရာ.. ငါစီစဉ်ထားပြီးသားပါ။ taxi ပေါ်မှာ နင့်ရဲ့ suit case တင်မယ်၊ နင်နဲ့ဒေါလ်က ငပိန်ကလေးတွေ ပဲဥစ္စာ၊ ရှေ့ခန်းမှာ ပဲ နှစ် ယောက် အတူစီးပေါ့… အိုကေ”

တဲ့။ သူစီစဉ်တာကို ငြင်းလို့လည်းမကောင်းဘူးမို့လား။ အဲဒီ တော့ ရှေ့ခန်းမှာ ပဲ နှစ် ယောက် သား ပူးပူးကပ်ကပ်ပေါ့။ တကယ်ဆို သူ့အလုပ်မဟုတ်တာပါ။ ကိုယ့်ကိုလာကြို တဲ့ကိစ္စကို ဘာ ဖြစ်လို့ သူ့ရည်းစားကိုပါ တင်ခေါ်လာခဲ့သလဲ။ ရှင်းရှင်းလေးပါ…။ သူ ကိုယ့်ကို လက်စားချေချင် လို့ပေါ့။ ကိုယ်ငြင်းပစ်ခဲ့တဲ့သူက ကိုယ့်ထက်များ စွာ ငယ်နုပျိုမျစ်တဲ့ ချစ်စဖွယ်မိန်းကလေး တစ်ယောက် အနားမှာ ရှိနေပြီးသားပါဆိုတာကို သူ သက်သေပြချင်လို့ပေါ့။ လမ်းမှာ ချာတိတ်မကလေး ကတော့ ခပ်သွက်သွက်မြူး ထူးထူးပါပဲ။ စကားတွေ လည်း ဖောင်ဖောင်ကြဲချင်တိုင်း ကြဲလာတာ။ ကိုယ်လေ အခံရခက်လိုက်တာ။ ရင်ထဲမှာ တနုံ့နုံ့နဲ့ကို နေတာပဲ။ ဘာကိုဒေါသထွက် မကျေနပ်မိ မှန်းလည်း မသိဘူး။ သူက ကောင်မလေးကို ခေါ်ပုံကိုလည်းကြည့်ဦး…။ ဒေါလ်တဲ့။ doll ပေါ့… အရုပ်ကလေးပေါ့။ တကယ်လည်း ကြွေရုပ်ကလေးတစ်ရုပ်လို လှပါတယ်။

"ဒေါ်လီ.. အဲ... နှင်းနုနှင်းဆီက အသက်ဘယ်လောက်ရှိပြီလဲဟင်"

"ကိုယ် ကတော့ သိချင်တာကို ပြောင်မေးပစ်လိုက်တယ်။ စိတ်ထဲမှာ တော့ ခန့်မှန်းထားပြီး သားပါ။ အလွန်ဆုံး ဆယ့်ခြောက်ဆယ့်ခွန်ထက် မပိုပါဘူး။

"ဆယ့်ရှစ် မမ... မမကရော"

တဲ့...။ သူမကလည်း ခေသူမဟုတ်ဘူး။ ချက်ချင်း ကိုပြန်မေးတာ။

"ကိုယ်က ငမင်းနဲ့အတူတူပဲ... နှစ် ဆယ့်ခြောက်နှစ် ရှိပြီ"

"အို... မမ အရမ်းနုတာပါလား။ ရှီ့(စ်)က နှစ် ဆယ်လောက်ပဲ ထင်နေတာ"

ကိုယ် ကတော့ သူမစကားကို မယုံချင်ပေါင်။ အသာပခုံးပဲ တွန့်ပြလိုက်မိတယ်။ ဘာကြောင့် မှန်းတော့မသိပါဘူး။ သူမကို ကိုယ်ကြည့်လို့ကို မရနိုင်တော့တာ။ သူမ ဘယ်လောက် ချစ်စရာကောင်းကောင်း ကိုယ့်စိတ်ထဲမှာ တော့ အမြင်ကတ်စရာပဲ ကောင်းနေတော့တာ။ အလိုလို နေရင်းကို ရန်သူ တစ်ယောက် တိုးလာတာနေ့ာ်။

တမင်သက်သက် ဖေဖေနဲ့မေမေ့ကို လာမကြိုခိုင်းခဲ့ပဲ သူ့ကိုကြိုခိုင်းခဲ့တာဟာ သူနဲ့ အေးအေးဆေးဆေးတွေ့ပြီး အလွမ်းဖြေရအောင်လို့ပါ။ အိမ်မှာ ဖေဖေနဲ့မေမေက အဆင်သင့်စောင့်ကြိုလို့...။ ဖေဖေနဲ့မေမေ့ကို ပွေ့ဖက်နှုတ်ဆက်နေတုန်းမှာ သူက...

"ကဲ... ငအံ့.. နင် အေးဆေးနားလိုက်ဦး။ နောက်နှစ် နာရီကြာရင် ငါလာခေါ်မယ်"

ဆိုပြီး ကိုယ့်ကိုလည်းနှုတ်ဆက်... ဖေဖေနဲ့မေမေ့ကိုလည်း နှုတ်ဆက်ပြီး ပြန်သွားရော။ ကောင်မလေးရဲ့ လက်ကို ဆုပ်ကိုင်လို့ ပြန်ထွက်သွားတဲ့ သူ့ကို ကိုယ့်ရင်ထဲမှာ ဆုံးရှုံးလိုက်ရမှန်း သိလိုက်ရတဲ့အချိန်မှာ ကိုယ့်ရဲ့ ဗီဇကလေးက ရုတ်တရက် လူးလွန့်နိုးကြားလာခဲ့တယ်ဆိုပါတော့။ တစ်ခုခုကို အရှုံးမပေးချင်တဲ့ ဗီဇပေါ့။ ရလိမ့်မယ်လို့ ကြိုတွေးထားပြီးသားအရာတစ်ခုကို သူတစ်ပါးလက်ထဲ အဆုံးမခံနိုင်ပဲ နည်းပရိယာယ်တစ်မျိုးနဲ့ တစ်ဖက်တစ်လမ်းကနေ မရအရပြန်ယူချင်တဲ့ ဗီဇလေ။ ကိုယ့်ရဲ့ သဘောက လွယ်လွယ်နဲ့ရရင် မလိုချင်ဘူး။ အဲ... စိန်ခေါ်မှု ကလေးတွေ ပါမှ..ပြိုင်ဆိုင်ရမှ..

မာယာကလေးတွေ သုံးရမှ ပိုလိုချင်တာမျိုး ပါ။

*